## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို ထိခိုက်စေသည့် ဥပဒေပြဋ္ဌာန်းချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း မရှိကြောင်း ဂျော်ဒန်ဘုရင့်နိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှ ဆုံးဖြတ်ခဲ့သည့်အမှုအား လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ - (၁) ဒေါက်တာချိုမာဌေး
ဒုတိယညွှန်ကြားရေးမှူး
(၂) ဦးငွေထွန်း
ဦးစီးအရာရှိ



၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်

## တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို ထိခိုက်စေသည့် ဥပဒေပြဋ္ဌာန်းချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ကျော်ဒန်ဘုရင့်နိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ခဲ့သည့်အမှုအားလေ့လာတင်ပြခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | ၁ |
| ၁။ | ဂျော်ဒန်နိုင်ငံဆိုင်ရာ ယေဘုယျအချက်အလက်များ | ၂ |
| ၂။ | ဂျော်ဒန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရစနစ် | ၂ |
| ၃။ | ဂျော်ဒန်နိုင်ငံ၏ တရားရုံးများဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး | ၂ |
| | ၃.၁။ တရားရုံးများဖွဲ့စည်းပုံ | ၂ |
| | ၃.၂။ ဂျော်ဒန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး | ၃ |
| ၄။ | တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအတွက် ဂျော်ဒန်နိုင်ငံ၏ ဆောင်ရွက်ချက်များ | ၄ |
| ၅။ | တရားရေးကောင်စီ(Judicial Council) ၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်အာဏာများ | ၆ |
| ၆။ | တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာ အငြင်းပွားမှုဖြစ်သော တင်သွင်းလွှာအမှတ် ၂/၂၀၁၈ | ၇ |
| | ၆.၁။ စီရင်ချက်အပေါ် တရားသူကြီးများ၏ ကွဲလွဲသော သဘောထားအမြင်များ | ၁၃ |
| ၇။ | သုံးသပ်ချက် | ၂၂ |

## တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကိုထိခိုက်စေသည့် ဥပဒေပြဋ္ဌာန်းချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ဂျော်ဒန်ဘုရင့်နိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဆုံးဖြတ်ခဲ့သည့်အမှုအားလေ့လာတင်ပြခြင်း

လေ့လာတင်ပြသူများ- (၁) ဒေါက်တာချိုမာဌေး
ဒုတိယညွှန်ကြားရေးမှူး
(၂) ဦးငွေထွန်း
ဦးစီးအရာရှိ

**နိဒါန်း**

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုသည် လူ့ဘောင်အဖွဲ့အစည်းအတွင်း တရားမျှတမှုနှင့် ဘက်လိုက်မှုကင်းရှင်းစေပြီး တရားဥပဒေစိုးမိုးရေးရှိရန်အတွက် အဓိကအခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပါသည်။** ဤသုတေသနစာတမ်းတွင် ဂျော်ဒန်နိုင်ငံ၌ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအတွက် အပြည်ပြည်ဆိုင်ရာအဆင့်၊ ဒေသတွင်းအဆင့်နှင့် ပြည်တွင်းအဆင့်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပုံ၊ အချို့ကဏ္ဍများတွင် အားနည်းချက်များရှိနေပုံတို့ကို အကျဉ်းမျှဖော်ပြထားပါသည်။ အထူးသဖြင့် ဂျော်ဒန်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ အထင်ကရဆုံးဖြတ်ချက်တစ်ခုဖြစ်ခဲ့သည့် အမှုအမှတ် ၂/၂၀၁၈ တွင် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို ယုတ်လျော့ထိခိုက်စေသည့် ဥပဒေပြဋ္ဌာန်းချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်၍ တရားစီရင်ရေးလွတ်လပ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ပုံကို လေ့လာတင်ပြထားပါသည်။

အမှုအား ဖတ်ရှုလေ့လာရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဂျော်ဒန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အစိုးရစနစ်၊ တရားရုံးများဖွဲ့စည်းပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးနှင့် တရားရေးကောင်စီတို့၏ အခန်းကဏ္ဍတို့ကို ဦးစွာတင်ပြအပ်ပါသည်။

> *တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို နိုင်ငံတော်က အာမခံပေးထားရမည်ဖြစ်ပြီး နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ထည့်သွင်း၍ဖြစ်စေ၊ သီးခြားဥပဒေပြဋ္ဌာန်း၍ဖြစ်စေ ကာကွယ်ပေးရပေမည်။ ထို့အပြင် နိုင်ငံ၏အစိုးရယန္တရားနှင့် အခြားသောအဖွဲ့အစည်းများအားလုံးက တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုကို လေးစားလိုက်နာကြရန်တာဝန်ရှိသည်။*
>
> *အခြေခံမူ ၁*
>
> *ကုလသမဂ္ဂ၏ ၁၉၈၅ ခုနှစ်၊ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာအခြေခံမူများမှ......*

## ၁။ ဂျော်ဒန်နိုင်ငံဆိုင်ရာယေဘုယျအချက်အလက်များ

ဂျော်ဒန်နိုင်ငံသည် အာရှတိုက်၏အရှေ့အလယ်ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် ဆော်ဒီအာရေဗျ၊ အရှေ့မြောက်ဘက်တွင် အီရတ်၊ မြောက်ဘက်တွင် ဆီးရီးယား၊ အနောက်ဘက်တွင်အစ္စရေးနှင့် ပါလက်စတိုင်းတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ စုစုပေါင်း ဧရိယာစတုရန်း ကီလိုမီတာ ၈၉၃၄၁ (၃၄၄၉၅ စတုရန်းမိုင်) ကျယ်ဝန်းပြီး မြို့တော် အမ္မန်(Amman)မှာ ဂျော်ဒန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်ပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အချက်အချာကျသော မြို့လည်းဖြစ်သည်။ ၂၀၂၁ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေစုစုပေါင်းမှာ ၁၁ သန်းခန့်ရှိ၍ အများစုမှာ ဆွန်နီမွတ်စလင်(Sunni Muslims) လူမျိုးများဖြစ်ပြီး လူနည်းစုမှာ ခရစ်ယာန်ဘာသာဝင် (Christians) လူမျိုးများဖြစ်ကြသည်။ အာရပ်နိုင်ငံများထဲမှ ၁၁ ခုမြောက် လူဦးရေ အများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ ၁ သန်းကျော်မှာ အမ္မန်(Amman) မြို့တော်တွင် နေထိုင်ကြသည်။

## ၂။ ဂျော်ဒန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အစိုးရစနစ်

လက်ရှိကျင့်သုံးလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၅၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဂျော်ဒန်နိုင်ငံသည် စည်းမျဉ်းခံဘုရင်စနစ်နှင့် ပါလီမန်စနစ်ကို ပေါင်းစပ်ကျင့်သုံးပြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများကောင်စီ (အစိုးရအဖွဲ့)၊ လွှတ်တော်နှစ်ရပ်ပါဝင်သည့် ဥပဒေပြုအဖွဲ့၊ တရားစီရင်ရေးအဖွဲ့၊ မူလတရားစီရင်ရေးမဏ္ဍိုင်မှသီးခြားဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး (*တရားစီရင်ရေးအဖွဲ့အစည်းဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သီးခြားအခန်းကဏ္ဍဖြင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။*) တို့ဖြင့် အာဏာသုံးရပ်ကို ခွဲဝေကျင့်သုံးလျက်ရှိသည့် တစ်ပြည်ထောင်စနစ်နိုင်ငံဖြစ်ပါသည်။ ဂျော်ဒန်နိုင်ငံ၏ ဥပဒေစနစ်(Legal System) မှာ ဥရောပဥပဒေစနစ် (Civil Law Legal System)၊ အစ္စလာမ် ဥပဒေစနစ်နှင့် ဓလေ့ထုံးတမ်းဥပဒေများကို ပေါင်းစပ်ထားသည့် ရောစပ်ဥပဒေစနစ်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တွင်ဂျော်ဒန်နိုင်ငံသည်အာရပ်နိုင်ငံများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ အစ္စလာမ်ဘာသာသည် နိုင်ငံတော်ဘာသာဖြစ်ကြောင်းနှင့် အာရပ်ဘာသာသည် ရုံးသုံးဘာသာဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ၃။ ဂျော်ဒန်နိုင်ငံ၏ တရားရုံးများဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

### ၃.၁။ တရားရုံးများဖွဲ့စည်းပုံ

တရားရုံးများကို တရားမတရားရုံး (Civil Court)၊ ဘာသာရေးတရားရုံး (Religious Court) နှင့် အထူးတရားရုံး (Special Court) ဟူ၍ အမျိုးအစား (၃) မျိုး သတ်မှတ်ထားပါသည်။

တရားမတရားရုံးတွင် တရားမမှုနှင့် အစိုးရအား ဆန့်ကျင်သော အမှုကိစ္စများပါဝင်သည့် ရာဇဝတ်မှုများကို ကိုင်တွယ်ဆုံးဖြတ်ပါသည်။ တရားမတရားရုံးတွင် ရာဇဝတ်တရားရုံး (Magistrate Court) ၊ မူလတရားရုံး (Court of First Instance)၊ အယူခံတရားရုံး (Court of Cassation) ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ကြားနာသည့် စီမံခန့်ခွဲရေးဆိုင်ရာတရားရုံး (Administrative Court) တို့ပါဝင်ပါသည်။

အစ္စလာမ်ဘာသာကို နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ထားသော်လည်း ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် ဘာသာရေးလွတ်လပ်ခွင့်တို့အား အသိအမှတ်ပြုထားသည်။ ဘာသာရေး တရားရုံးတွင်ကွာရှင်းပြတ်စဲခြင်းနှင့် အမွေဆက်ခံခြင်းကဲ့သို့သော ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စရပ် များအား အရေးယူဆောင်ရွက်ပြီး အစ္စလာမ်ဿျရီယာဥပဒေ (Islamic Sharia Law) ပေါ်တွင် မူတည်၍ ဆုံးဖြတ်ပါသည်။ အထူးတရားရုံးသည် အထူးဥပဒေအရစစ်ဆေးသည့်အမှုများကို ကိုင်တွယ်ဖြေရှင်းပါသည်။ တရားမတရားသူကြီးနှင့် ဿျရီယာတရားသူကြီးများ (Judges of the Civil and Sharia Courts) ကို ဘုရင်မှခန့်အပ်နိုင်သကဲ့သို့ ရာထူးမှလည်းထုတ်ပယ် နိုင်ပါသည်။

## ၃.၂။ ဂျော်ဒန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

ဂျော်ဒန်နိုင်ငံ၏ ၁၉၅၂ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၁ ခုနှစ်တွင် သိသာထင်ရှား သောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပါသည်။ ဂျော်ဒန်နိုင်ငံအား ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားစီရင်ရေးစနစ်ရှိသည့် နိုင်ငံများအနက်မှတစ်နိုင်ငံအဖြစ် ကြေညာပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် တည် ထောင်ခဲ့ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၈** အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို ဥက္ကဋ္ဌအပါအဝင် အနည်းဆုံးအဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် အားလုံးကို ဘုရင်ကရွေးချယ်၍ တော်ဝင်အမိန့်ဖြင့် ခန့်အပ်ပါသည်။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းခြောက်နှစ်ဖြစ်ပြီး သက်တမ်းနှစ်ကြိမ်ထမ်းဆောင်ခွင့်မရှိပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးတစ်ဦးစီသည် အောက်ဖော်ပြ ပါအရည်အချင်းများနှင့်ပြည့်စုံသူများဖြစ်ရပါသည်-

(၁) ဂျော်ဒန်နိုင်ငံသားဖြစ်သူ၊

(၂) အသက် ၅၀ နှစ် ပြည့်ပြီးသူ၊

(၃) အယူခံတရားရုံး (သို့) တရားလွှတ်တော်တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ

(၄) တက္ကသိုလ်၏ဥပဒေဌာနတစ်ခုတွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ဖူးသူ သို့မဟုတ်

(၅) ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အတွေ့အကြုံရှိသူ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်-

(က) ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ဆုံးဖြတ်ရန်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအားအနက်အဓိပ္ပာယ်ဖွင့်ဆိုရန် အတွက် စီရင်ပိုင်ခွင့်အာဏာရှိပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသူများမှာ-

(က) အထက်လွှတ်တော် (The Senate)

(ခ) အောက်လွှတ်တော် (House of Representative)

(ဂ) ဝန်ကြီးများကောင်စီ

(ဃ) တရားရုံးတစ်ရုံးရုံး (စစ်ဆေးဆဲအမှုတွင် အခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ ပြဿနာပေါ်ပေါက်သည့်အခါ လွှဲအပ်ခြင်း) တို့ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်၍ အယူခံဝင်ခွင့်မရှိပါ။

## ၄။ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအတွက် ဂျော်ဒန်နိုင်ငံ၏ဆောင်ရွက်ချက်များ

ဂျော်ဒန်နိုင်ငံသည် တရားစီရင်ရေးလွတ်လပ်မှုအတွက် အပြည်ပြည်ဆိုင်ရာစာချုပ်များဖြစ်သော Universal Declaration of Human Rights ၊ International Covenant on Civil and Political Rights ၊ Convention on the Elimination of All forms of Discrimination against Women (CEDAW)၊ International Convention on the Elimination of All forms of Racial Discrimination (ICERD) ၊ Convention against Torture and Other Cruel, Inhuman or Degrading Treatment or Punishment ၊ United Nations Basic Principles on the Independence of the Judiciary, 1985၊ United Nations Basic Principles on the Role of Lawyers, 1990၊ Guidelines on the

Role of Prosecutors, 1990၊ Code of Conduct for Law Enforcement Officials, 1990 ၊ Declaration of Basic Principles of Justice for Victims of Crime and Abuse of Power, 1985 တို့ကို အတည်ပြုလက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းဥပဒေများအနေဖြင့်–

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ **ဂျော်ဒန်နိုင်ငံသားအားလုံးသည် ဥပဒေအရတန်းတူညီမျှရှိကြောင်း**ကို ပုဒ်မ ၆ တွင်လည်းကောင်း၊ **တရားစီရင်ရေးအာဏာကို ဥပဒေအရတည်ထောင်ထားသောတရားရုံးများကသာကျင့်သုံးရမည်**ဖြစ်ကြောင်းကို ပုဒ်မ ၂၇ တွင်လည်းကောင်း၊ **တရားသူကြီးများသည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်ကိုကျင့်သုံးရာ၌ ဥပဒေတစ်ရပ်ရပ်အရ လိုက်နာရမည့် အခွင့်အာဏာတစ်ရပ်ရပ်မှတစ်ပါး အခြားမည်သည့် အခွင့်အာဏာကိုမျှ လိုက်နာရန်တာဝန်မရှိဘဲလွတ်လပ်စွာစီရင်ပိုင်ခွင့်ရှိကြောင်း** ကို ပုဒ်မ ၉၇ တွင်လည်းကောင်း၊ **တရားရုံးများကို ပြည်သူအားလုံးအတွက် ဖွင့်လှစ်ပေးထားရမည်ဖြစ်ပြီး တရားရေးဆိုင်ရာကိစ္စများကို ဝင်ရောက်စွက်ဖက်ခြင်းမှ ကင်းလွတ်ရမည်**ဖြစ်ကြောင်းကို ပုဒ်မ ၁၀၁ တွင်လည်းကောင်းအသီးသီးပြဋ္ဌာန်း၍ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအတွက် ဥပဒေအခြေခံအုတ်မြစ်များထားရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် သီးခြားဥပဒေများအဖြစ်တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (၂၉/၂၀၁၄) ဖြင့်လည်းကောင်း၊ တရားရုံးများတည်ထောင်မှုဥပဒေ (၁၇/၂၀၀၁) ဖြင့်လည်းကောင်း ပြဋ္ဌာန်း၍ တရားစီရင်ရေးလွတ်လပ်မှုကို အာမခံထားကြောင်း တွေ့ရှိရပါသည်။

ဒေသတွင်းအဆင့်တွင် African Charter on Human and People’s Rights of 1980 နှင့် Arab Charter on Human Rights of 2004 တို့ကို လိုက်နာဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။

*တရားစီရင်ရေးအဖွဲ့တွင် တရားစီရင်ရေးသဘောသက်ရောက်သော ပြဿနာတိုင်းအတွက် စီရင်ပိုင်ခွင့်အာဏာရှိစေရမည်..... (အခြေခံမှု ၃)*

*ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော တရားရုံး၊ ခုံရုံးများတွင် မည်သူမဆို တရားစွဲဆို အရေးယူဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်..... (အခြေခံမှု ၅)*

*ကုလသမဂ္ဂ၏ ၁၉၈၅ ခုနှစ်၊ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာအခြေခံမှုများမှ......*

## ၅။ တရားရေးကောင်စီ(Judicial Council)၏ အခန်းကဏ္ဍ နှင့်လုပ်ပိုင်ခွင့်အာဏာများ

တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအား အာမခံချက်အပြည့်အဝပေးနိုင်သည့် အချက်တစ်ချက်မှာ တရားသူကြီးများအား ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်ခြင်းနှင့် တရားစီရင်ရေးလုပ်ငန်းများကို ကြီးကြပ်ရန်အတွက် လွတ်လပ်သောယန္တရားအဖွဲ့အစည်းတစ်ခု ထူထောင်နိုင်ခြင်းဖြစ်ပါသည်။ ဂျော်ဒန်နိုင်ငံတွင် တရားရေးဆိုင်ရာကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် တရားရေးကောင်စီကို-

(က) အယူခံတရားရုံး၏ ဥက္ကဋ္ဌ (တရားရေးကောင်စီ၏ဥက္ကဋ္ဌဖြစ်ပါသည်။)

(ခ) တရားလွှတ်တော်ချုပ်၏ တရားသူကြီးချုပ်

(ဂ) ရှေ့နေချုပ်

(ဃ) အယူခံတရားရုံးမှ ဝါအရင့်ဆုံး တရားသူကြီး နှစ်ဦး

(င) တရားရေးဝန်ကြီးဌာန၏ အထွေထွေအတွင်းရေးမှူးချုပ်

(စ) အမ္မန်မြို့ မူလတရားရုံး၏ ဥက္ကဋ္ဌ စသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။

တရားရေးကောင်စီသည် တရားရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တရားသူကြီးများကို ခန့်အပ်ခြင်း၊ တရားသူကြီးများ၏ အစမ်းခန့်ကာလအတွင်း အရည်အချင်းပြည့်မီခြင်း မရှိဟုတွေ့ရှိရပါက ရာထူးမှ ရပ်စဲခြင်း၊ တရားသူကြီးများအားအငြိမ်းစားပေးခြင်း၊ တရားသူကြီးများ၏ အပြောင်းအရွှေ့ကိစ္စများကို ဆောင်ရွက်ခြင်း၊ တရားသူကြီးများအား ယာယီဝန်ထမ်းအဖြစ်စေလွှတ်ဆောင်ရွက်စေခြင်း၊ တရားစီရင်ရေးလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ တရားသူကြီးများအား သတိပေးအရေးယူခြင်း၊ ရာထူးမှခေတ္တဆိုင်းငံ့ခြင်း၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်း တို့အတွက် အခွင့်အာဏာရှိပါသည်။

သို့ရာတွင် တရားရေးကောင်စီ၏ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးကိစ္စတို့ကို ကောင်စီထံ အပ်နှင်းထားခြင်းမရှိဘဲ တရားရေးဝန်ကြီးဌာနကသာ ဆောင်ရွက်ကြောင်းသိရှိရပါသည်။

*တရားစီရင်ရေးအဖွဲ့အနေဖြင့် ယင်း၏လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုံလောက်သောထောက်ပံ့မှုများကို စီမံဆောင်ရွက်ပေးရန် အဖွဲ့ဝင်နိုင်ငံတိုင်း၏ တာဝန်ဖြစ်သည်။*

*အခြေခံမူ ၇*

*ကုလသမဂ္ဂ၏ ၁၉၈၅ ခုနှစ်၊ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာအခြေခံမူများမှ......*

**၆။ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာအငြင်းပွားမှုဖြစ်သောတင်သွင်းလွှာအမှတ် ၂/၂၀၁၈**

အမှုတွင်- ဂျော်ဒန်နိုင်ငံ၏ **တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ** (၂၉/၂၀၁၄) ပါ **ပုဒ်မ ၁၅**၌"တရားရေးကောင်စီ (Judicial Council) သည် တရားသူကြီးများအား အငြိမ်းစား ပေးခြင်း၊ ရာထူးမှရုပ်ဆိုင်းခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းနှင့် ရာထူးမှထုတ်ပစ်ခြင်း တို့ဆောင် ရွက်ရန် အခွင့်အာဏာရှိကြောင်း" ပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်သည် တရားစီရင်ရေး ဆိုင်ရာလွတ်လပ်မှုအခြေခံမူကို ထိခိုက်လျက် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ၉၈(၁) နှင့် ၁၂၈(၁)** တို့နှင့်ညီညွတ်ခြင်းရှိ မရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ပေးပါ ရန် အောက်လွှတ်တော်က တိုက်ရိုက်တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သော စီရင်ချက်အပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း တင်ပြအပ်ပါသည်-

**၂၀၁၈ ခုနှစ်၊ တင်သွင်းလွှာ အမှတ် (၂) အပေါ်**
**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ထုတ်ပြန်သည့်စီရင်ချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ Mr. Taher Hekmat နှင့် အဖွဲ့ဝင်များဖြစ်ကြသော Fahd Abu Atham Nsour, Ahmad Tbishat, Dr. Kamel Said, Fuad Swidan, Yusuf Hmoud, Dr. Abd Al-Khader Tura, Mohammad Salim Ghazwi, Mansour Hadidi, Dr. Numan Khatib, Mohammad Thweib, Mohammad Ali Alawneh, Mohammad Mbaidin, Qassim Momani, and Fayez Hamarneh တို့၏ ရှေ့မှောက်တွင် ကြားနာဆုံးဖြတ်ခဲ့သည်-

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (the Independence of the Judiciary Law) (ဥပဒေအမှတ် ၂၉/၂၀၁၄) ပါ ပုဒ်မ ၁၅**သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇၊ ၉၈ (၁) နှင့် ၁၂၈(၁) တို့နှင့် ညီညွတ်ခြင်းမရှိကြောင်း ရေးသားဖော်ပြထားသည့် အောက်လွှတ်တော် နာယက၏ ၂၁-၂-၂၀၁၈ ရက်စွဲပါ၊ စာအမှတ် ၅၂၈/၄၃/၃ ကိုပူးတွဲလျက် **ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၆၀(ခ)(၁) နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးဥပဒေ (ဥပဒေ အမှတ် ၁၅/၂၀၁၂) ပုဒ်မ ၉(က)(၂)** တို့အရ အောက်လွှတ်တော်မှ တိုက်ရိုက်တင်သွင်းလာခြင်း ဖြစ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ ၁၀(က)** အရ တင်သွင်းလွှာ၏ မိတ္တူတစ်စုံစီအား အထက်လွှတ်တော်နာယကနှင့် ဝန်ကြီးချုပ်တို့ထံသို့ ၂၆-၂-၂၀၁၈ ရက်နေ့ တွင် ပေးပို့ခဲ့ပြီးဖြစ်သည်။ ထိုတင်သွင်းလွှာအပေါ် ပြန်လည်ရှင်းလင်းချက်အနေနှင့် ပေးပို့လာ

သော ဝန်ကြီးချုပ်ထံမှ ၇-၃-၂၀၁၈ ရက်စွဲပါ၊ စာအမှတ် (၇၄၂၃/1dq) အား ၈-၃-၂၀၁၈ ရက်နေ့တွင် တရားရုံးကလက်ခံရရှိခဲ့ပြီးဖြစ်သည်။

တင်သွင်းလွှာအား စိစစ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာဆွေးနွေးခြင်း (Deliberation)၊ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးနောက် တရားရုံးက အောက်ပါအချက်များကို တွေ့ရှိသည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇** တွင် "တရားသူကြီးများသည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ ဥပဒေတစ်ရပ်ရပ်အရ လိုက်နာရမည့် အခွင့်အာဏာ တစ်ရပ်ရပ်မှတစ်ပါး အခြားမည်သည့်အခွင့်အာဏာကိုမျှ လိုက်နာရန် တာဝန်မရှိဘဲ လွတ်လပ်စွာစီရင်ပိုင်ခွင့်ရှိသည်။" ဟုပြဋ္ဌာန်းထားသည်။

(ခ) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈(၁)** တွင် "တရားမတရားရုံးများနှင့် ရုံးများရှိတရားသူကြီးများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဘုရင်၏ တော်ဝင်အမိန့်ဖြင့်ခန့်အပ်ခြင်း ထုတ်ပယ်ခြင်းများပြုလုပ်ရမည်။" ဟု ပြဋ္ဌာန်းထားသည်။

(ဂ) **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈ (၁)** တွင် "အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေများသည် ထိုအခွင့်အရေး သို့မဟုတ် ယင်းတို့၏ အခြေခံများအပေါ် အကျိုးသက်ရောက်မှုအနှစ်သာရကို လွှမ်းမိုးထိခိုက်ခြင်းမရှိစေရ။" ဟုပြဋ္ဌာန်းထားသည်။

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၁၅** သည် အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို ချိုးဖောက်ကြောင်း ပြည်သူ့လွှတ်တော်က တင်သွင်းလာခြင်းဖြစ်သည်။

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၁၅** အား သုံးသပ်မှုများပြုလုပ်ပြီးနောက် ထိုဥပဒေပုဒ်မသည် အောက်ဖော်ပြပါ အချက်များကို ပြဋ္ဌာန်းထားကြောင်း ကျွန်ုပ်တို့ တွေ့ရှိသည်-

(က) အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ၊ ကောင်စီ (Judicial Council) သည် ကောင်စီ အဖွဲ့ဝင်များမဟုတ်သည့် အယူခံတရားရုံးမှ ဝါအရင့်ဆုံးတရားသူကြီးငါးဦးဖြင့်ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီ၏ ထောက်ခံချက်ကို အခြေပြု၍ ကောင်စီဥက္ကဋ္ဌ၏ အတည်ပြုထောက်ခံချက်အရ မြို့ပြ

ဝန်ထမ်းအငြိမ်းစားဥပဒေတွင် ဖော်ပြထားသည့် အငြိမ်းစားယူရန် အသက်ပြည့်မီသည့် တရားသူကြီးကိုအငြိမ်းစား (Retire) ပေးနိုင်သည်။

(ခ) ဤပုဒ်မ၏ အပိုဒ် (က) တွင်ဖော်ပြထားသည့် ကော်မတီသည် ယင်း၏ ဆုံးဖြတ်ချက်ကိုများရာဆန္ဒမဲဖြင့် ချမှတ်ရမည်။

(ဂ) ကောင်စီသည် ဤပုဒ်မ၏ အပိုဒ် (က) တွင် ဖော်ပြထားသည့် ကော်မတီ၏ ထောက်ခံချက်ကို အခြေပြု၍ ကောင်စီဥက္ကဋ္ဌ၏ ထောက်ခံအတည်ပြုချက် အရ လုပ်သက်နှစ် (၂၀) အောက်မနည်း တာဝန်ထမ်းဆောင်ခဲ့သည့် တရားသူကြီးကို အငြိမ်းစားပေးနိုင်သည် သို့မဟုတ် ယင်းတရားသူကြီးသည် လုပ်သက် (၁၅) နှစ်အောက်မနည်း တာဝန်ထမ်းဆောင်ခဲ့ပြီးသူဖြစ်ပါက ၎င်းအား တာဝန်မှရပ်ဆိုင်း (Suspension) နိုင်သည် သို့မဟုတ် ယင်းတရားသူကြီးသည် တာဝန်မှရပ်ဆိုင်းခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းတို့အတွက် သတ်မှတ် ကာလပြည့်မီအောင် တာဝန်ထမ်းဆောင်ခြင်း မပြုခဲ့ပါက ၎င်းအား အလုပ်မှ ထုတ်ပစ် (Dismiss) နိုင်သည်။

(ဃ) အငြိမ်းစားယူရန် သို့မဟုတ် တာဝန်မှရပ်ဆိုင်းရန် အသက်ပြည့်မီခြင်းမရှိသည့် တရားသူကြီးတစ်ဦးဦးသည် စုံစမ်းစစ်ဆေးသူအရာရှိ၏ နှစ်စဉ်အစီရင်ခံစာတွင် ၎င်းတရားသူကြီး၏ ဆောင်ရွက်ချက်တစ်ရပ်ရပ်မှာ ပျှမ်းမျှခြင်းအားဖြင့် နှစ်နှစ်ဆက်တိုက်ကာလအတွက် အရည်အချင်း ပြည့်မီခြင်းမရှိဟု ဖော်ပြထားပါက ကောင်စီသည် ကောင်စီဥက္ကဋ္ဌ၏ ထောက်ခံအတည်ပြုချက် အရ ယင်းတရားသူကြီးအား ရာထူးမှ ထုတ်ပစ် (Dismiss) နိုင်သည်။

(င) ကောင်စီအဖွဲ့ဝင်များသည် ယင်းအဖွဲ့ဝင်များကို ရာထူးမှထုတ်ပစ်ခြင်း (Dismiss)၊ တာဝန်မှရပ်ဆိုင်းခြင်း (Suspension)၊ အငြိမ်းစားယူခြင်း(Retire) စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းမပြုရ။

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ (၂)** တွင် တရားမဆိုင်ရာတရားသူကြီးများရေးရာကိစ္စအားလုံးကို တာဝန်ယူဆောင်ရွက်ရန်အတွက် တရားရေးကောင်စီ (Judicial Council) ဖွဲ့စည်းတည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည်။

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု ဥပဒေပုဒ်မ ၁၅** တွင် ဖော်ပြထားသည့်အချက်များ အပါအဝင် တရားရေးကောင်စီက ယင်း၏အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်ရန်

အတွက် လိုအပ်သော တရားဝင်လုပ်ထုံးလုပ်နည်းယန္တရားများနှင့်စပ်လျဉ်း၍ ဥပဒေများ ပြဋ္ဌာန်းရမည်။

အထက်ဖော်ပြပါ ပုဒ်မ၏ အပိုဒ် (က)သည် တရားရေးကောင်စီအား မြို့ပြဝန်ထမ်း အငြိမ်းစားဥပဒေတွင် ဖော်ပြထားသော အငြိမ်းစားယူရန် အသက်အပိုင်းအခြားသို့ ရောက်ရှိနေသည့် တရားသူကြီးများကို အငြိမ်းစားပေးရန်နှင့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ထားသည့် တရားသူကြီးနှင့် အငြိမ်းစားယူရန် မိမိသဘောဆန္ဒအလျောက်တင်ပြလာသည့် ဘာသာရေးဆိုင်ရာတရားသူကြီးများ၏ အငြိမ်းစားယူခြင်းကိုခွင့်ပြုပေးရန် အခွင့်အာဏာအပ်နှင်းထားသည်။

တရားရေးကောင်စီသည် တရားသူကြီးတစ်ဦးအား အငြိမ်းစားပေးရန် ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်ချက်ကို ကောင်စီအဖွဲ့ဝင်များမဟုတ်သည့် အယူခံတရားရုံးမှ ဝါအရင့်ဆုံးတရားသူကြီး ငါးဦးဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီ၏ ထောက်ခံချက်ကို အခြေပြု၍ ကောင်စီဥက္ကဋ္ဌ ၏ ထောက်ခံအတည်ပြုချက်အရ ပြုလုပ်ရမည်ဖြစ်ကြောင်း အဆိုပါပုဒ်မ တွင် ပြဋ္ဌာန်းထားသည်၊

အဆိုပါပုဒ်မ၏ အပိုဒ် (ဂ) သည် ကောင်စီအား လုပ်သက်နှစ် (၂၀) အောက်မနည်း တာဝန်ထမ်းဆောင်ခဲ့သည့် တရားသူကြီးကို အငြိမ်းစားပေးရန် သို့မဟုတ် ယင်းတရားသူကြီးသည် လုပ်သက် (၁၅) နှစ်အောက် မနည်းတာဝန်ထမ်းဆောင်ခဲ့ပြီးသူဖြစ်ပါက ၎င်းအား တာဝန်မှရပ်ဆိုင်းရန်ခွင့်ပြုထားသည်။ သို့ရာတွင် ယင်းကိစ္စနှစ်ရပ်အတွက် အငြိမ်းစားပေးရန် ဆုံးဖြတ်ချက်ကို ချမှတ်ရာတွင် ကောင်စီအဖွဲ့ဝင်များမဟုတ်သည့် အယူခံတရားရုံးမှ ဝါအရင့်ဆုံးတရားသူကြီး ငါးဦးဖြင့်ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီ၏ထောက်ခံချက်ကို အခြေပြု၍ ကောင်စီဥက္ကဋ္ဌ၏ ထောက်ခံအတည်ပြုချက်အရ ပြုလုပ်ရမည်ဖြစ်ကြောင်းခြွင်းချက်ပြုထားသည်။ ထိုကဲ့သို့ ကြီးကြပ်မှုနှင့် တာဝန်ယူမှုတို့သည် ပုဒ်မ ၁၅၊ အပိုဒ် (က) ပါအတိုင်းဖြစ်သည်။

သို့ရာတွင် တာဝန်မှရပ်ဆိုင်းခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းတို့အတွက် သတ်မှတ်ကာလပြည့်မီအောင် တာဝန်ထမ်းဆောင်ခြင်း မပြုခဲ့သောတရားသူကြီးတစ်ဦးအား အလုပ်မှ ထုတ်ပစ်ရန် တရားရေးကောင်စီအား အခွင့်အာဏာအပ်နှင်းထားသည့် ပုဒ်မ ၁၅(ဂ)၏ နောက်ဆုံးပိုဒ်သည် အောက်ဖော်ပြပါ အကြောင်းပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသည်–

၁။ တရားသူကြီးတစ်ဦးအား တာဝန်မှရပ်ဆိုင်းခြင်း သို့မဟုတ် အငြိမ်းစားယူခြင်း တို့မရှိဘဲ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမှ ရပ်ဆိုင်းခြင်းသည် တရားမျှတမှု

ရှိရမည်ဖြစ်ပြီး တရားသူကြီးအနေဖြင့်လည်း ကိုယ်တိုင်ခုခံချေပခွင့်ရှိရမည် ဖြစ်သည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈ (၁) ၏ အနက်အဓိပ္ပာယ်တွင် တရားသူကြီး တစ်ဦးအနေဖြင့် ၎င်း၏တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိခြင်း၏ အကျိုးသက်ရောက်မှု နှင့်တရားစွဲဆိုခွင့်အခွင့်အရေး၏အနှစ်သာရကို ထိရောက်စွာဖော်ညွှန်းထားပြီး ဖြစ်သည်။

၃။ တရားသူကြီးတစ်ဦး၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် စည်းကမ်း ဆိုင်ရာ တရားဝန်ခံမှုလုပ်နည်းကိုင်နည်း အစရှိသည့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းကို ထိခိုက်စေလျှင် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေပါ ပုဒ်မ ၁၆၊ ၂၅၊ ၃၆ နှင့် ၃၇ တွင်ဖော်ပြထားသည့် လုပ်နည်းကိုင်နည်းကို ချိုးဖောက် ခြင်းအဖြစ်ပါဝင်ပေသည်။

ပုဒ်မ ၁၅(ဃ) သည် တရားရေးကောင်စီအား စုံစမ်းစစ်ဆေးရေးအရာရှိ၏ နှစ်စဉ် အစီရင်ခံစာအရ နှစ်နှစ်ဆက်တိုက်ကာလအတွက် အရည်အချင်းပြည့်မီခြင်းမရှိဟုဖော်ပြခြင်း ခံရသည့် တရားသူကြီးကို အငြိမ်းစားပေးရန် သို့မဟုတ် တာဝန်မှရပ်ဆိုင်းရန် အသက်ပြည့်မီ ခြင်းမရှိသေးသော်လည်း ကောင်စီဥက္ကဋ္ဌ၏ ထောက်ခံချက်နှင့်အညီ ရာထူးမှ ထုတ်ပစ်ရန် အခွင့်အာဏာကိုခွင့်ပြုထားသည်။ ထိုအချက်မှာ တရားသူကြီးတစ်ဦးအနေဖြင့် ၎င်း၏တာဝန် များကို သင့်တင့်လျောက်ပတ်စွာထမ်းဆောင်နိုင်ရန် အရည်အချင်းပြည့်မီသင့်ကြောင်း ဖော်ပြ ထားခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ကောင်စီသည် ကောင်စီဥက္ကဋ္ဌ၏ ထောက်ခံချက်အရ အဆိုပါတရားသူကြီးအား အငြိမ်းစားယူရန်အသက်ပြည့်မီခြင်းမရှိသေးလျှင်တောင်မှ တာဝန် မှရပ်စဲနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ပုဒ်မ ၁၅ (ဃ) အား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ် ခြင်းမရှိဟူ၍ တင်သွင်းလွှာတင်သွင်းသူတို့ စွဲဆိုခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ၉၈(၁) နှင့် ၁၂၈(၁) တို့ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမရှိသည့်အတွက် တင်သွင်း လွှာပါပြဿနာသည် အခြေအမြစ်မရှိကြောင်း တရားရုံးကတွေ့ရှိသည်။

ပုဒ်မ ၁၅ (ခ) နှင့် (ဂ) တို့သည် ကော်မတီဖွဲ့စည်းရာ၌ အဖွဲ့ဝင်များသည် တရားစီရင် ရေး ကောင်စီတွင်ပါဝင်သောအဖွဲ့ဝင်များမှတစ်ပါး အယူခံတရားရုံးမှ တရားသူကြီးငါးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်အားများရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပြဋ္ဌာန်းချက်များဖြစ်သည်။ ထို့ပြင် ကောင်စီ အဖွဲ့ဝင်များသည် ယင်းအဖွဲ့ဝင်များကို ရာထူးမှထုတ်ပစ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်း၊

အငြိမ်းစားယူခြင်း စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းမပြုရကြောင်းလည်း ပြဋ္ဌာန်းထားသည်။ အဆိုပါ အပိုဒ် နှစ်ပိုဒ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအား ချိုးဖောက်ခြင်းမရှိကြောင်း ကျွန်ုပ်တို့ တွေ့ရှိသည်။

ပုဒ်မ ၁၅ (ဂ) ၏နောက်ဆုံးအပိုဒ်၌ ဖော်ပြထားသော တရားသူကြီး တစ်ဦးအား လုပ်ငန်း တာဝန်မှရပ်ဆိုင်းခြင်းသည် တရားစီရင်ရေးဆိုင်ရာလွှတ်လပ်မှုဥပဒေ ပုဒ်မ ၂၅ နှင့် ၃၇ တို့တွင် ဖော်ပြထားသောရာထူးမှထုတ်ပယ်ခြင်းနှင့် ရာထူးမှထုတ်ပစ်ခြင်း၏ အနက်အဓိပ္ပာယ်သဘောပင်ဖြစ်သည်။ တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်ခြင်းနှင့် ရာထူးမှထုတ်ပစ်ခြင်းတို့ကို စည်းကမ်းဆိုင်ရာ ပြုမူဆောင်ရွက်မှုအဖြစ်သာ အရေးယူဆောင်ရွက်သင့်ပေသည်။ ဆိုလိုသည်မှာ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့၊ တရားရေး ကောင်စီ၏ဆုံးဖြတ်ချက်နှင့် တော်ဝင်အမိန့်ဖြင့်ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်သည်။ "အငြိမ်းစားယူရန် သို့မဟုတ် ရာထူးမှရပ်ဆိုင်းရန် လိုအပ်သောကာလအပိုင်းအခြားအထိ တာဝန်ထမ်းဆောင်သည့် အမှုထမ်းကာလမပြည့်မီခဲ့ပါက ရာထူးမှထုတ်ပစ်ခြင်း" စသည့်ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၇၊ ၉၈(၁) နှင့် ၁၂၈(၁) တို့အား ချိုးဖောက်ကြောင်း တွေ့ရှိရသည်။

အထက်ဖော်ပြပါအကြောင်းများကြောင့်-

(က) **တရားစီရင်ရေးဆိုင်ရာလွှတ်လပ်မှုဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၄) ပါ ပုဒ်မ ၁၅(ဂ)**၏ နောက်ဆုံးအပိုင်းတွင်ပါဝင်သည့် "အငြိမ်းစားယူရန် သို့မဟုတ် တာဝန်မှရပ်ဆိုင်းရန်လိုအပ်သော ကာလအပိုင်းအခြားအထိ တာဝန်ထမ်းဆောင်သည့်အမှုထမ်းကာလမပြည့်မီခဲ့ပါက ရာထူးမှထုတ်ပစ်ခြင်း" ဟူသည့် စကားရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း၊

(ခ) အထက်ဖော်ပြပါ ပုဒ်မ ၁၅ (ဂ) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိသော နောက်ဆုံးပိုဒ်အား ပယ်ဖျက်ရန် ဆုံးဖြတ်လိုက်သည်။

*တရားသူကြီးတစ်ဦး၏ တာဝန်ထမ်းဆောင်မှုသက်တမ်း၊ လွတ်လပ်မှု၊ လုံခြုံမှု၊ လုံလောက်သော လုပ်ခလစာ၊ လျော်ညီသော တာဝန်ထမ်းဆောင်ရမှုအဆင့်အတန်း၊ ပင်စင်ခံစားခွင့်နှင့် တာဝန်မှအနားယူရမည့်ကာလ တို့ကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးရမည်။*

*အခြေခံမှု ၁၁*

*ကုလသမဂ္ဂ၏ ၁၉၈၅ ခုနှစ်၊ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာအခြေခံမှုများမှ......*

### ၆.၁။ စီရင်ချက်အပေါ် တရားသူကြီးများ၏ ကွဲလွဲသောသဘောထားအမြင်များ

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၁၅** အပေါ် သုံးသပ်ရာတွင် တရားသူကြီး (၂) ဦးသည် ၎င်းတို့၏ ကွဲလွဲသောသဘောထားများ (Dissenting Opinion) ကို ရေးသား ဖော်ပြခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

**(က) တရားသူကြီး Dr. Kamel Said ၏ သဘောထား (ကောက်နုတ်ချက်အကျဉ်း)**

စီရင်ချက်နှင့်စပ်လျဉ်း၍ တရားသူကြီး **Dr. Kamel** က–

"တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၁၅၊ အပိုဒ် (ဂ) တွင် တရားသူကြီးတစ်ဦးသည် တာဝန်မှရပ်ဆိုင်းခြင်း သို့မဟုတ် အငြိမ်းစားယူခြင်းတို့အတွက် သတ်မှတ်ကာလပြည့်မီအောင် တာဝန်ထမ်း ဆောင်ခြင်းမပြုခဲ့ပါက ၎င်းအားတာဝန်မှ ရပ်စဲနိုင်ကြောင်း ကောင်စီအားအခွင့်အာဏာ အပ်နှင်းထားသည့်အပေါ်၌ အများ သဘောဆန္ဒနည်းတူ သဘောတူညီပါကြောင်း၊

သို့ရာတွင် တာဝန်မှရပ်ဆိုင်းခြင်း (Suspension) ဆိုသည့် စကားရပ်အား အလုပ်မှ ထုတ်ပယ်ခြင်း (Removal)၊ ထုတ်ပစ်ခြင်း (Dismiss) စသည့်စကားရပ်များ နှင့် တူညီစွာအနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဥပဒေသက်ရောက်မှုတူညီသည်ဟု ယူဆ ခြင်းကိုမူ သဘောတူညီခြင်းမရှိပါကြောင်း၊ ယင်းကဲ့သို့ တူညီသည်ဟုယူဆချက်သည် ဥပဒေပြဋ္ဌာန်းချက်များနှင့် သွေဖည်ကြောင်း၊

**တရားစီရင်ရေးလွတ်လပ်မှုဥပဒေ ပုဒ်မ ၂၅** သည် တော်ဝင်အမိန့်ကိုအခြေခံ၍ ကောင်စီ၏ဆုံးဖြတ်ချက်အရ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုဖြင့် မဟုတ်ဘဲ တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ထုတ်ပစ်ခြင်း ကို တားမြစ်ထားကြောင်း၊ ထို့ပြင် ယင်းဥပဒေ၏ ပုဒ်မ ၃၇ သည် အသိပေးခြင်း၊ သတိပေးဆုံးမခြင်း၊ ရာထူးအဆင့်လျှော့ချခြင်းနှင့် ရာထူးမှထုတ်ပစ်ခြင်း စသည်တို့ အပါအဝင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်ဒဏ်များကို ချမှတ်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာဘုတ်အဖွဲ့သို့ ခွင့်ပြုပေးထားပြီးဖြစ်ကြောင်း၊

တရားသူကြီးတစ်ဦးအနေဖြင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုတစ်ခုခု ကျူးလွန်ပါက ၎င်းအား ရာထူးမှထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်းတို့အတွက် ပုဒ်မ ၂ ခုစလုံးတွင် အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့် တာဝန်မှရပ်ဆိုင်းခြင်း၏ သဘောတရားနှင့် ရာထူးမှထုတ်ပယ်ခြင်း၊ ထုတ်ပစ်ခြင်းသဘောတရားတို့အား ရောနှော၍ ယူဆခြင်းမပြုသင့်ဟုသုံးသပ်ကြောင်း၊

ထို့ပြင် တရားသူကြီးများအား ၁၅ နှစ်တာဝန်ထမ်းဆောင်ပြီးနောက် တာဝန်မှ ရပ်ဆိုင်းခြင်းသည် "တရားမ တရားရုံးများနှင့် သျှရီယာတရားရုံးများရှိ တရားသူကြီးများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဘုရင်၏တော်ဝင်အမိန့်ဖြင့် ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများ ပြုလုပ်ရမည်။" ဟု ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၈ (၁) ကို ချိုးဖောက်ခြင်း မရှိသော်လည်း "တရားသူကြီးများသည် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ ဥပဒေ တစ်ရပ်ရပ်အရ လိုက်နာရမည့် အခွင့်အာဏာတစ်ရပ်ရပ်မှတစ်ပါး အခြားမည်သည့် အခွင့်အာဏာကိုမျှ လိုက်နာရန်တာဝန် မရှိဘဲ လွတ်လပ်စွာစီရင်ပိုင်ခွင့်ရှိသည်။" ဟုပြဋ္ဌာန်း ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ ကိုမူ ချိုးဖောက်ခြင်းရှိကြောင်း၊

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဟုဆိုရာတွင် တရားသူကြီးများ၏ လုပ်ငန်းတာဝန်အပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ လွှမ်းမိုးမှုရှိသည့် မည်သည့်ကိစ္စရပ်မျိုးမှမဆို ကာကွယ်ပေးခြင်းသည်လည်း ပါဝင်ပါကြောင်း၊ တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ၊ အုပ်ချုပ်ရေးအာဏာ သို့မဟုတ် ဥပဒေပြုရေးအာဏာဖြင့်ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ တရားသူကြီးတစ်ဦးကို ခြိမ်းခြောက်မှုဖြစ်စေသည့် မည်သည့်ရင်းမြစ်မျိုးကိုမဆို ကာကွယ်တားဆီးသင့်ပါကြောင်း၊**

ထို့ပြင် တာဝန်မှရပ်ဆိုင်းခြင်းသည် **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၈(၁)** ပါ "အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသော ဥပဒေများသည် ထိုအခွင့်အရေး သို့မဟုတ် ယင်းတို့၏ အခြေခံများအပေါ် အကျိုးသက်ရောက်မှုအနှစ်သာရကို လွှမ်းမိုးထိခိုက်ခြင်း မရှိစေရ။" ဟူသည့် ပြဋ္ဌာန်းချက်ကို ချိုးဖောက်ရာရောက်ကြောင်း၊

အခွင့်အရေးဟုဆိုရာ၌ ခုခံချေပခွင့်အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများသာမကဘဲ အခြားဥပဒေများတွင် ပြဋ္ဌာန်းထားသည့် အခွင့်အရေးများလည်းပါဝင်ပါကြောင်း၊

တာဝန်မှရပ်ဆိုင်းရန်ဆုံးဖြတ်ခြင်းသည် ရပ်စဲခံရသည့် ပုဂ္ဂိုလ်၏ ရပ်ဝတ္ထုနှင့် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာအခွင့်အရေးကို ထိခိုက်စေခြင်းဖြစ်သည့်အတွက် တာဝန်မှရပ်ဆိုင်းခံရသည့်ပုဂ္ဂိုလ်အား ၎င်း၏ အထွတ်အမြတ် အလေးထားရာဖြစ်သော ခုခံချေပ ခွင့်ကိုကျင့်သုံးရန် ခွင့်ပြုခြင်းမရှိပါက ကာယကံရှင်ပုဂ္ဂိုလ်နှင့် ၎င်း၏မိသားစုတွင် ထိခိုက်နစ်နာမှုများ ဖြစ်စေနိုင်ပြီး လူမှုရေးကဏ္ဍ၌လည်း ဂုဏ်သိက္ခာကျဆင်း

စေမှုများဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၅ (ဂ) သည် အခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟုယူဆပါကြောင်း၊

ထို့ပြင် ပုဒ်မ ၁၅၊ အပိုဒ် (ဃ) ပါပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိကြောင်း ဆုံးဖြတ်ထားသည့် အများသဘောဆန္ဒကိုမူ သဘောတူညီခြင်းမရှိပါကြောင်း၊

တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု ဥပဒေသည် တရားစီရင်ရေးနှင့် တရားသူကြီးများ၏ အရေးကိစ္စများနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်သည်ကိုလက်ခံသော်လည်း **ပုဒ်မ ၁၅၊ အပိုဒ် (ဃ) သည် တရားသူကြီး၏ အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ဖော်ပြထားသည့် နှစ်စဉ်အစီရင်ခံစာအား ခုခံချေပရခြင်းမှာ အခြားဥပဒေအမျိုးမျိုးဖြင့် အပ်နှင်းထားသော တရားသူကြီးများ၏ အထွတ်အမြတ်ထားဖွယ်အခွင့်အရေးတို့ကို ယုတ်လျော့စေသည် ဟု ရှုမြင်ပါကြောင်း၊**

နိုင်ငံသားတစ်ဦးဦးအနေဖြင့် တရားသူကြီးတစ်ဦးမဟုတ်သည့်တိုင် ကျင့်သုံးနိုင်သည့် အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီး ယင်းအခွင့်အရေးများ အပါအဝင် နိုင်ငံတော်တွင် သက်ဆိုင်သည့် ဥပဒေအမျိုးမျိုးအရ အခြားအခွင့်အရေးများအထိ တိုးချဲ့အပ်နှင်းထားကြောင်း၊ ရာဇဝတ်မှု၊ တရားမမှု သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုတွင်ဖြစ်စေ စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက်မထုတ်ပြန်မီတွင် တရားခံအား ခုခံချေပခွင့်အပ်နှင်းထားကြောင်း၊ ယခုကိစ္စပါ တရားသူကြီးတစ်ဦး၏ အရည်အချင်းပြည့်မီခြင်းမရှိကြောင်း ဖော်ပြထားသည့် နှစ်စဉ်အစီရင်ခံစာပါအချက်အား ခုခံချေပခြင်းမှာ လူပုဂ္ဂိုလ်တစ်ဦး၏ ခုခံချေပပိုင်ခွင့်ရှိခြင်းနှင့် အစားထိုးခြင်းမပြုနိုင်ဟု ယူဆပါကြောင်း၊

ဥပဒေပြဋ္ဌာန်းချက်ပါအခွင့်အရေးများကို ထိခိုက်စေရုံမျှဖြင့်ပင် ဖွဲ့စည်းပုံအခြေခံဥပဒေအားချိုးဖောက်စေကြောင်းကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ဥပဒေတစ်ရပ်ရပ်အရ အပ်နှင်းထားသည့်အခွင့်အရေးများကို ထိခိုက်စေသည့် မည်သည့်ပြဋ္ဌာန်းချက်မဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့်အတွက် ယင်းသက်ဆိုင်ရာပြဋ္ဌာန်းချက်အား ပျက်ပြယ်စေရမည်ဟု ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၂၈(၁) တွင် ပြဋ္ဌာန်းထားပါကြောင်း၊ အထက်ပါအကြောင်းများကြောင့် ထိုဥပဒေပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိဟု ယူဆပါကြောင်း" စသည်ဖြင့် ၎င်း၏ ကွဲလွဲသောသဘောထားအမြင်ကို ဖော်ပြခဲ့ပါသည်။

**(ခ) တရားသူကြီး Dr. Mohammad Salim Ghazwi ၏ သဘောထား (ကောက်နုတ်ချက်အကျဉ်း)**

တရားသူကြီး Dr. Mohammad Salim က–

**"တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှု ဥပဒေ ပုဒ်မ ၁၅၊ အပိုဒ် (ဂ)** အား အပိုင်း နှစ်ပိုင်းခွဲ၍ သုံးသပ်ရာတွင် – ပထမပိုင်းနှင့် စပ်လျဉ်း၍ လုပ်သက်နှစ် (၂၀) အောက် မနည်း တာဝန်ထမ်းဆောင်ခဲ့သည့်တရားသူကြီးကို အငြိမ်းစားပေးရန် သို့မဟုတ် ယင်းတရားသူကြီးသည် လုပ်သက်(၁၅) နှစ်အောက်မနည်း တာဝန်ထမ်းဆောင်ခဲ့ပြီး သူဖြစ်ပါက ၎င်းအားတာဝန်မှရပ်ဆိုင်းရန်ဟုဆိုရာတွင် ထိုကြီးကြပ်မှုနှင့် အာမခံချက် များမှာ အထက်အပိုဒ် (က) ပါအတိုင်းဖြစ်သည့် အတွက် အပိုဒ် (ဂ) နှင့် အပိုဒ် (က) သည် ချိတ်ဆက်မှုရှိကြောင်း၊ ထို့ကြောင့် အပိုဒ် (ဂ) အားဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်မညီဟု ယူဆလျှင် အပိုဒ် (က) အားလည်း ချန်လှပ်ခဲ့၍မရကြောင်း၊

ဒုတိယပိုင်းနှင့်စပ်လျဉ်း၍ "အလုပ်မှရပ်နားခြင်း သို့မဟုတ် အငြိမ်းစားယူခြင်း တို့အတွက် သတ်မှတ်ကာလပြည့်မီအောင် တာဝန်ထမ်းဆောင်ခြင်းမပြုခဲ့ပါက ၎င်းအားအလုပ်မှထုတ်ပစ်နိုင်သည်။" ဟုဆိုရာတွင် တရားမျှတမှုရရှိရန်နှင့် ၎င်းအား ခုခံချေပခွင့်ပြုရန်လိုအပ်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်မှာ တရားသူကြီးအား ၎င်း၏ တရားစီရင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈(၁) နှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ထိခိုက်စေပါကြောင်း၊

အဆိုပါစီရင်ချက်တွင်–

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာ၌ ဥပဒေများ၊ စည်းမျဉ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိကို ကြီးကြပ် ဆုံးဖြတ်ရသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏ ထူးခြားသောအခန်း ကဏ္ဍကို လျစ်လျူရှုထားကြောင်း၊

၁၉၅၂ ခုနှစ်၊ ဂျော်ဒန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအား နိုင်ငံတော်ပြန်တမ်း တွင်ထည့်သွင်းပြဋ္ဌာန်းခဲ့သည့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှစ၍ လူ့အဖွဲ့ အစည်းအတွင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ် ကျင့်သုံးခဲ့ပြီး ယင်းအား မည်သည့်အခါမျှ တစ်သီးတစ်ခြားစီအနက် အဓိပ္ပာယ်ဖွင့်ဆို ခြင်း မပြုခဲ့ပါကြောင်း၊

"၂၀၁၁ ခုနှစ်မှသည် မတူကွဲပြားမှုများဖြင့် ရှေ့သို့ချီ" ဟူသည့် ဆောင်ပုဒ်နှင့်အတူ ဂျော်ဒန်နိုင်ငံ၏ ဥပဒေစနစ်အား ပြုပြင်ပြောင်းလဲမှုများဖြင့် အဆင့်မြှင့်တင်ခဲ့သည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်ကတည်းကပင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၂၈ အား ပြင်ဆင်ပြဋ္ဌာန်း၍ အရေးပါသောသမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပါကြောင်း၊

**ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၂၇** သည် တရားစီရင်ရေး မဏ္ဍိုင်၏ လွတ်လပ်မှုကို အခိုင်အမာပြဋ္ဌာန်းထားကြောင်း၊ **ပုဒ်မ ၉၈** သည် တရားရေးကောင်စီကဲ့သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် အရေးပါသောအဖွဲ့အစည်းဆိုင်ရာပြဋ္ဌာန်းချက်များကို ဖော်ပြထားကြောင်း၊ **ပုဒ်မ ၁၀၀** သည် စီမံခန့်ခွဲရေးဆိုင်ရာတရားရုံးများ တည်ထောင်ခြင်း၊ ပုဒ်မ ၅၃ နှင့် ၇၄ တို့သည် ပါလီမန်ဖွဲ့စည်းတည်ဆောက်ပုံနှင့် ပုဒ်မ ၅၈ သည် ဂျော်ဒန်နိုင်ငံအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးစနစ်ရှိသည့် နိုင်ငံများအနက်မှတစ်နိုင်ငံအဖြစ် ကြေညာပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါကြောင်း၊

အကျဉ်းအားဖြင့်ဆိုရလျှင် ၁၉၅၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည့်စုံထိရောက်သောဥပဒေပြုခြင်း သို့မဟုတ် သာမန်ဥပဒေများပြဋ္ဌာန်းခြင်း တို့အတွက် လိုအပ်ချက်များကို ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ယင်းသို့ဥပဒေပြဋ္ဌာန်းရာ၌ ဥပဒေဖြင့်ပြဋ္ဌာန်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ သို့မဟုတ် ဥပဒေအရဆောင်ရွက်ရမည့်ကိစ္စရပ်များ သို့မဟုတ် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် ဥပဒေပြုအာဏာပိုင်အား လိုအပ်လျှင် လိုအပ်သလိုဆုံးဖြတ်ပြဋ္ဌာန်းနိုင်သည့် အခွင့်အာဏာအားအပ်နှင်းထားပြီးဖြစ်ပါကြောင်း၊

တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၄) သည် ပြီးပြည့်စုံသောဥပဒေတစ်ရပ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၂၇ နှင့် ၉၇ ပါပြဋ္ဌာန်းချက်တို့နှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း၊ ကျော်လွန်ပြဋ္ဌာန်းခြင်းပြု၍ မရကြောင်း၊ ဖော်ပြခဲ့ပါသည်။

ထို့ပြင် ယင်းဥပဒေ၏ ပုဒ်မ ၁၅ တွင် "အခြားဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ၊ ကောင်စီသည် ကောင်စီ အဖွဲ့ဝင်များမဟုတ်သည့် အယူခံတရားရုံးမှ ဝါအရင့်ဆုံး တရားသူကြီး ငါးဦး ဖြင့်ပါဝင်ဖွဲ့စည်းထားသည့် ကော်မတီ၏ ထောက်ခံချက်ကို အခြေပြု၍ ကောင်စီဥက္ကဋ္ဌ ၏ အတည်ပြုထောက်ခံချက်အရ မြို့ပြ

ဝန်ထမ်းအငြိမ်းစား ဥပဒေတွင် ဖော်ပြထားသည့် အငြိမ်းစားယူရန် အသက်ပြည့်မီသည့် တရားသူကြီးကို အငြိမ်းစား (Retire) ပေးနိုင်” ကြောင်းပြဋ္ဌာန်းထားသည်။

**မြို့ပြဝန်ထမ်းအငြိမ်းစားဥပဒေ (ဥပဒေအမှတ် ၃၄/၁၉၅၉) ပြင်ဆင်ချက် ပုဒ်မ ၁၃ (ခ)** တွင် “တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသောတရားသူကြီး နှင့် ဘာသာရေးဆိုင်ရာတရားသူကြီးတို့သည် အငြိမ်းစားယူရန်အတွက် တရားစီရင်ရေးဆိုင်ရာအမှုထမ်းသက် ၂၅ နှစ်ရှိရန်လိုအပ်ကြောင်း” ပြဋ္ဌာန်းထားသည်။ အဆိုပါဥပဒေ၏ ပုဒ်မ ၃ တွင် ဝန်ထမ်းများအား အငြိမ်းစားယူနိုင်သော အုပ်စုနှင့် အငြိမ်းစားမယူနိုင်သော အုပ်စုအဖြစ် နှစ်ပိုင်းခွဲထားပြီး အငြိမ်းစားမယူနိုင်သော ဝန်ထမ်းအမျိုးအစားများကိုလည်းကောင်း၊ ပုဒ်မ ၄ တွင် အငြိမ်းစား ယူနိုင်သောဝန်ထမ်းအမျိုးအစားများကိုလည်းကောင်း၊ ပုဒ်မ ၅ တွင် အငြိမ်းစားယူခြင်းဆိုင်ရာ ဆောင်ရွက်ရမည့်နည်းလမ်းနှင့် ဝန်ဆောင်မှုများကို ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍မြို့ပြဝန်ထမ်းအငြိမ်းစားဥပဒေ(ဥပဒေအမှတ်၃၄/၁၉၅၉)ပြင်ဆင်ချက် ပုဒ်မ ၁၃ (ခ)ပါ ပြဋ္ဌာန်းချက်၊ ပုဒ်မ ၃၊ ၄၊ ၅ တို့ပါ အငြိမ်းစားယူရန်တရားရေးဆိုင်ရာ ဝန်ဆောင်မှုနည်းလမ်းနှင့် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေပုဒ်မ ၁၅(က) ပါ ပြဋ္ဌာန်းချက်တို့အား ရောထွေးမှုမရှိစေသင့်ကြောင်း၊

ထို့ကြောင့် ပုဒ်မ ၁၅(က) သည် ဥပဒေပြုအာဏာအားအသုံးပြုခြင်းမှ သွေဖည်ပြဋ္ဌာန်းထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိပါကြောင်း၊

**၁၉၈၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ လွတ်လပ်သောတရားစီရင်ရေး ကြေညာစာတမ်း** (Universal Declaration on the Independence of Justice 1983) နှင့် **၁၉၈၅ ခုနှစ် ကုလသမဂ္ဂ၏ လွတ်လပ်သောတရားစီရင်ရေးဆိုင်ရာ အခြေခံမူများ** အရ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုအတွက် အဓိကထိန်းသိမ်းရမည့်အရာများမှာ အာဏာခွဲဝေပိုင်းခြား ကျင့်သုံးခြင်း၊ တရားသူကြီးများအား ရာထူးမှရပ်စဲခြင်းနှင့် ရာထူးမှအငြိမ်းစားယူခြင်းတို့ကို ရှင်းလင်းစွာအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းနှင့် နည်းပညာဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လွတ်လပ်မှုရှိခြင်း တို့ဖြစ်ကြောင်း၊

“တရားသူကြီး” ဆိုသည့်စကားရပ်ကိုဥပဒေပြုအာဏာပိုင်များကတိတိကျကျ အဓိပ္ပာယ်သတ်မှတ်ပေးထားပြီးဖြစ်ပါသည်။ တရားစီရင်ရေးဆိုင်ရာရာထူးတွင်အဆင့်မြင့်သောရာထူးတစ်ခုဖြစ်ပါသည်။ ထိုကဲ့သို့တရားစီရင်ရေးရာထူးမှာ သမရိုးကျအမြင်ဖြင့်ကြည့်မည်ဆိုလျှင်တောင် အများပြည်သူဆိုင်ရာရုံးဌာနဖြစ်သည်ဆိုရုံသက်သက်မျှ မဟုတ်ကြောင်း၊

ကမ္ဘာပေါ်တွင်လည်း အလုပ်အကိုင်ခန့်ထားမှုစနစ် နှစ်မျိုးရှိပါကြောင်း၊ ပထမတစ်မျိုးမှာ အလုပ်အကိုင်– ဝန်ထမ်းစနစ် (employment–employee system) ဖြစ်ကာ အလုပ်အကိုင်၏သဘောမှာ "အထူးအသက်မွေးဝမ်းကျောင်းတစ်ခု" ဖြစ်ပါကြောင်း၊ ထိုစနစ်၌ ဝန်ထမ်းသည် ယင်း၏အလုပ်တွင် ငယ်ရွယ်စဉ်မှစ၍ အလုပ်မှ အငြိမ်းစားယူသည်အထိ အဆက်မပြတ်လုပ်ကိုင်ခြင်းဖြစ်၍ ဝန်ထမ်းအား လစာနှင့် အငြိမ်းစားပေးသည့်စနစ်ဖြစ်ကြောင်း၊တာဝန်ထမ်းဆောင်စဉ်ကာလ တစ်လျှောက်လုံး ဝန်ထမ်းတစ်ဦးသည် ၎င်း၏ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားအတွက်မဟုတ်ဘဲ အများပြည်သူအကျိုးကို ဆောင်ရွက်ပေးသည့်အတွက် အငြိမ်းစားယူသည့် အသက်အရွယ်ကို သတ်မှတ်ခြင်းသည် ဝန်ထမ်းအလုပ်အကိုင်စနစ်တွင် အရေးကြီးသောကိစ္စရပ် ဖြစ်ပါကြောင်း၊

ဒုတိယအလုပ်အကိုင်ခန့်ထားမှုစနစ်မှာ အချိန်အကန့်သတ်ဖြင့် ခန့်ထားသောစနစ် (time–limited employment) ဖြစ်ပါကြောင်း၊ ထိုစနစ်၏ သဘောမှာ အလုပ်အကိုင်၏ သဘာဝအပေါ်မူတည်၍ တာဝန်ထမ်းဆောင်မည့်သူအား အချိန်ကန့်သတ်ချက်တစ်ခုအတွက်သာ ခန့်ထားခြင်းဖြစ်ပါကြောင်း၊ **တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (၂၉/၂၀၁၄)၊ တရားမတရားသူကြီးများ တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာစည်းမျဉ်းများ (၄၅/၂၀၁၅)၊ မြို့ပြဝန်ထမ်းအငြိမ်းစားဥပဒေ (၃၄/၁၉၅၉)နှင့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာစည်းမျဉ်းများ (၈၂/၂၀၁၃)** တို့တွင် ဂျော်ဒန်နိုင်ငံ၏ အလုပ်ခန့်ထားရေးဆိုင်ရာမူဝါဒများကို အခြေခံထားသည့် ဂျော်ဒန်ဥပဒေစနစ်အား အခြားသောစနစ်များနှင့် ကွဲပြားရှင်းလင်းမှုရှိစေရန် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊

တရားသူကြီးများခန့်အပ်ခြင်းနှင့် ခန့်အပ်ရန်အတွက် လိုအပ်သော အရည်အသွေး သတ်မှတ်ဆုံးဖြတ်ခြင်း၊ လစာငွေကြေးခံစားခွင့်တို့တွင် ဂျော်ဒန်နိုင်ငံသည် အလုပ်အကိုင်–ဝန်ထမ်းစနစ် (employment –employee system) ကိုကျင့်သုံးသည်မှာ ထင်ရှားပါကြောင်း၊ ဂျော်ဒန်ဘုရင့်နိုင်ငံတော်တွင် ကျင့်သုံးလျက်ရှိသည့် အလုပ်အကိုင်ခန့်ထားရေးမူဝါဒသည် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၁၅ အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ဆုံးဖြတ်ရန်အတွက် အဓိကကိုးကားချက်ဖြစ်ကြောင်း၊

**တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၄၂** ၌ "အခြားဥပဒေများတွင်မည်သို့ ပင်ဆိုစေကာမူ၊ (က) အကြီးတန်းတရားသူကြီးများ (Senior Judge) သည် အသက် (၇၀) ပြည့်သည်အထိ လည်းကောင်း၊ (ခ) အပိုဒ် (က) တွင်ဖော်ပြထားသည့်

တရားသူကြီးများ မှတစ်ပါး အခြားတရားသူကြီးများသည် အသက် ၆၈ နှစ် ပြည့်သည်အထိလည်းကောင်း တာဝန်ထမ်းဆောင်ရမည်။” ဟု ပြဋ္ဌာန်းထားကြောင်း၊

**နိုင်ငံ့ဝန်ထမ်းဆိုင်ရာစည်းမျဉ်း အပိုဒ် ၁၆၆ နှင့် တရားစီရင်ရေးဆိုင်ရာ လွှတ်လပ်မှု ဥပဒေ ပုဒ်မ ၆၊ ၂၅၊ ၃၀ နှင့် ၄၂ (ဂ)** တို့တွင် ဖော်ပြထားသည့် “တာဝန် ထမ်းဆောင်ကာလ ကျော်လွန်ကုန်ဆုံးခြင်း (expiration of service) နှင့် “တာဝန် ထမ်းဆောင်ကာလပြီးဆုံးခြင်း (termination of service) တို့မှာ ထင်ရှားသည့် ကွဲပြားခြားနားချက်ရှိပါကြောင်း၊ **မြို့ပြဝန်ထမ်းအငြိမ်းစားဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃** တွင်လည်း သဘောဆန္ဒအလျောက် အငြိမ်းစားယူခြင်း(voluntary retirement) နှင့် မယူမနေရ အငြိမ်းစားယူခြင်း (compulsory retirement) တို့ကွာခြားပုံကိုတွေ့မြင် နိုင်ကြောင်း၊ ယခုအမှုပါ ပုဒ်မ ၁၅ (ဂ) တွင် တရားသူကြီးတစ်ဦးအား ပြစ်မှုတစ်စုံ တစ်ရာကျူးလွန်ခြင်းမရှိဘဲ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမှ မယူမနေရ အငြိမ်းစား ပေးခြင်း သို့မဟုတ် အငြိမ်းစားယူရန် သို့မဟုတ် ရာထူးမှရပ်ဆိုင်းရန် လိုအပ်သော အသက်ပြည့်မီခြင်းမရှိဘဲ မယူမနေရ အငြိမ်းစားပေးခြင်းတို့ကို အတိအလင်း ဖော်ပြထားကြောင်း၊

ထို့ကြောင့် တရားစီရင်ရေးဆိုင်ရာလွှတ်လပ်မှု ဥပဒေ ပုဒ်မ ၁၅ (ဂ) သည် တရားသူကြီးတစ်ဦးအနေဖြင့် ရသင့်ရထိုက်သည့် အာမခံချက်များကို ယုတ်လျော့ ပြဋ္ဌာန်းထားသည်မှာ ထင်ရှားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၊ ၂၇၊ ၉၇ နှင့် ၁၂၈ တို့နှင့် ညီညွတ်ခြင်းမရှိဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို ထိခိုက်စေပြီး တည်ငြိမ်မှုနှင့် အချိတ်ဆက် မှန်ကန်ခြင်းတို့ကို အာမခံချက်ပေးရာ၌ လျစ်လျူရှုထား သည်ကို တွေ့ရှိရကြောင်း ဖော်ပြခဲ့ပါသည်။

ယင်းဥပဒေ ပုဒ်မ ၁၅၏ အပိုဒ် (ဃ) တွင် “အငြိမ်းစားယူရန် သို့မဟုတ် တာဝန်မှရပ်ဆိုင်းရန် အသက်ပြည့်မီခြင်းမရှိသည့် တရားသူကြီးတစ်ဦးဦးသည် စုံစမ်း စစ်ဆေးသူအရာရှိ၏ နှစ်စဉ် အစီရင်ခံစာတွင် ၎င်းတရားသူကြီး၏ ဆောင်ရွက်ချက် တစ်ရပ်ရပ်မှာ ပျှမ်းမျှခြင်းအားဖြင့် နှစ်နှစ်ဆက်တိုက်ကာလအတွက် အရည်အချင်း ပြည့်မီခြင်းမရှိဟု ဖော်ပြထားပါက ကောင်စီသည် ကောင်စီဥက္ကဋ္ဌ၏ ထောက်ခံ အတည်ပြုချက်အရယင်းတရားသူကြီးအား ရာထူးမှထုတ်ပစ် (Dismiss) နိုင်သည်။” ဟုပြဋ္ဌာန်းထားကြောင်း၊

**တရားစီရင်ရေးဆိုင်ရာလွှတ်လပ်မှုဥပဒေ ပုဒ်မ ၁၀** တွင် “အခြားဥပဒေတစ်ရပ် ရပ်၌ မည်သို့ပင်ဆိုစေကာမူ၊ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းတာဝန် ပေးအပ်ရန်

အရည်အချင်းမပြည့်မီသူ မည်သူတစ်ဦး တစ်ယောက်ကိုမျှ တရားသူကြီးအဖြစ် ခန့်အပ်ခြင်းမပြုရ” ဟု လည်းကောင်း၊ ပုဒ်မ ၁၁ တွင် “အသစ်ခန့်သည့်တရားသူကြီး အားလုံးကို အစမ်းခန့်ကာလ (၃) နှစ်ထားရှိရမည်ဖြစ်ပြီး ထိုအစမ်းခန့်ကာလအတွင်း တွင် အဆိုပါတရားသူကြီးသည် အရည်အချင်းပြည့်မီခြင်းမရှိဟု သက်သေထင်ရှား ပေါ်ပေါက်ခဲ့ပါက တရားရေးကောင်စီသည် ယင်းတရားသူကြီးအား ရာထူးမှ ထုတ်ပစ်နိုင်ကြောင်း” ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊

သို့ဖြစ်ပါ၍ရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာ လိုအပ်သောအရည်အချင်းနှင့်စပ်လျဉ်း သည့်ကိစ္စ၌ ထိုအရည်အချင်းသည် တရားရေးဆိုင်ရာလုပ်ငန်းတွင် တစ်ဆက်တည်း ဆောင်ရွက်ရမည်ဖြစ်ပြီး အရည်အချင်းပျက်ယွင်းမှုရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တာဝန်မှရပ်စဲရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် **တရားစီရင်ရေး ဆိုင်ရာလွတ်လပ်မှု ဥပဒေ ပုဒ်မ ၁၅(ဃ)** သည် အခြေခံဥပဒေနှင့်ညီညွတ်ကြောင်း၊

ထိုပုဒ်မ ၁၅၊ အပိုဒ် (င) တွင် “ကောင်စီအဖွဲ့ဝင်များသည် ယင်းအဖွဲ့ဝင်များကို ရာထူးမှ ထုတ်ပစ်ခြင်း (Dismiss)၊ ရာထူးမှရပ်ဆိုင်းခြင်း (Suspension)၊ အငြိမ်းစား ယူခြင်း(Retire) စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးသည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်း မပြုရ။” ဟု ပြဋ္ဌာန်းထားရာ ထိုပြဋ္ဌာန်းချက်သည် တရားရေး ကောင်စီ၏ အကြွင်းမဲ့အာဏာကို ဖော်ညွှန်းထားခြင်းဖြစ်ကြောင်း၊

**ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၈** တွင် “အခွင့်အရေးနှင့် လွတ်လပ်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထုတ်ပြန်ပြဋ္ဌာန်း ထားသော ဥပဒေများသည် ထိုအခွင့်အရေး သို့မဟုတ် ယင်းတို့၏ အခြေခံများအပေါ် အကျိုးသက်ရောက်မှု အနှစ်သာရကို လွှမ်းမိုးထိခိုက်ခြင်းမရှိစေရ။” ဟု ပြဋ္ဌာန်းထား ရာ ယင်းပြဋ္ဌာန်းချက်မှာ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ ချိုးဖောက်ခြင်းအတွက် ပြစ်ဒဏ်ပေးခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အား အစိုးရအာဏာပိုင်များ၊ ယင်းတို့၏ ကော်မတီများ၊ ကောင်စီများနှင့် ထိတွေ့ဆက်သွယ်နိုင်ခွင့်ကို အပ်နှင်း ထားခြင်း၊ ထိုကော်မတီ၊ ကောင်စီများ၏ အစည်းအဝေးများသို့ ပါဝင်တက်ရောက်နိုင် စေရန်အခွင့်ပေးထားခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပုဒ်မ ၁၅(င) သည် အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း၊

တရားသူကြီး Dr. Mohammad Salim က အချုပ်အားဖြင့်

၁။ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၄) ပါပုဒ်မ ၁၅၏ အပိုဒ် (က) နှင့် အပိုဒ် (ခ) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊

၂။ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၄) ပါပုဒ်မ ၁၅၏ အပိုဒ် (ဂ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊

၃။ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၄) ပါပုဒ်မ ၁၅၏ အပိုဒ် (ဃ) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ကြောင်း၊

၄။ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ (ဥပဒေအမှတ် ၂၉/၂၀၁၄) ပါပုဒ်မ ၁၅၏ အပိုဒ် (င) သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ယင်း၏ ကွဲလွဲသော သဘောထားအမြင်ကို စီရင်ချက်၌ ဖော်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

အထက်ပါအမှုတွင် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုဥပဒေ ပုဒ်မ ၁၅ နှင့်စပ်လျဉ်း၍ ဂျော်ဒန်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ချမှတ်ခဲ့သည့် စီရင်ချက်သည် ဥပဒေပြဋ္ဌာန်းချက်၏ အစိတ်အပိုင်းကိုသာ အခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ ပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ယင်းအစိတ်အပိုင်းနှင့်ဆက်စပ်အသုံးပြုရမည့် ပြဋ္ဌာန်းချက်များကိုပါ အခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ ဆုံးဖြတ်ရန်လိုကြောင်း တရားသူကြီးများ၏ ကွဲလွဲသော သဘောထားများက ဖော်ညွှန်းနေပါသည်။ ထို့ပြင် စုံစမ်းစစ်ဆေးရေးအရာရှိဖြင့် နှစ်စဉ်အစီရင်ခံစာရေး၍ တရားသူကြီးများအပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းသည် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုအား သွယ်ဝိုက်ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း၊ နှစ်စဉ်အစီရင်ခံစာအား ခုခံချေပရခြင်းမှာ တရားသူကြီးတစ်ဦး၏ အထွတ်အမြတ်ထားဖွယ် အခွင့်အရေးအား ယုတ်လျော့စေကြောင်း တရားသူကြီး **Dr. Kamel** ၏ သဘောထားမှာလည်း ဂျော်ဒန်နိုင်ငံ၏ တရားစီရင်ရေးလွတ်လပ်မှုအား အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ညီညွတ်မှုရှိ မရှိ သုံးသပ်ရာတွင် ထည့်သွင်းစဉ်းစားဖွယ်အချက်ဖြစ်ပါသည်။

ဂျော်ဒန်နိုင်ငံရှိ တရားကောင်စီသည် တရားစီရင်ရေးလုပ်ငန်းများကို ကြီးကြပ်ရန် လွတ်လပ်သော အဖွဲ့အစည်းဖြစ်သော်လည်း ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲမှုတွင် လွတ်လပ်စွာ ရပ်တည်နိုင်သည့် အဖွဲ့အစည်းဖြစ်ရန် လိုအပ်ချက်များရှိနေသည်ဟု သုံးသပ်မိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်မူ တရားရုံးများအားလုံးကို ကြီးကြပ်ကွပ်ကဲရသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဘဏ္ဍာရေးနှင့်စီမံခန့်ခွဲမှုတွင် လွတ်လပ်စွာ သီးခြားလုပ်ပိုင်ခွင့်ရှိသော တရားစီရင်ရေးအဖွဲ့အစည်းဖြစ်ပါသည်။

## ကိုးကားစာအုပ်များစာရင်း

- Jordan's Constitution of 1952 with Amendments through 2011
- Law No. 15 of 2012 (Jordan) Issued on 16/06/2012, CONSTITUTIONAL COURT LAW
- Judgment No. (2) of 2018 On the challenge No. (2) of 2018 Issued by Constitutional Court
- United Nations Basic Principles on the Independence of the Judiciary, 1985
- ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၁)၊ ၂၀၁၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး။

*တရားစီရင်ရေးအဖွဲ့အနေဖြင့် အမှုများကြားနာ၍ စီရင်ချက်များချမှတ်ရာ၌ အမှုတွင်ပေါ်ပေါက်သော အချက်အလက်များအပေါ်အခြေခံပြီးပြဋ္ဌာန်းဥပဒေများနှင့်အညီ မျှမျှတတသမာသမတ်ကျကျဖြင့်ဆုံးဖြတ်ရမည်။ ထိုသို့ဆုံးဖြတ်ရာတွင် မည်သည့်အကြောင်းကြောင့်မျှ ၎င်းတို့၏ဆောင်ရွက်မှုအပေါ် တစ်စုံတစ်ရာသော ကန့်သတ်ချက်များ၊ မလျော်သြဇာသုံး၍ လွှမ်းမိုးမှုများ၊ မက်လုံးပေးစည်းရုံးသိမ်းသွင်းမှုများ၊ ဖိအားပေးခြိမ်းခြောက်မှုများ သို့မဟုတ် ဝင်ရောက်စွက်ဖက်မှုများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေမရှိစေရ။*

*အခြေခံမှု ၂*

*ကုလသမဂ္ဂ၏ ၁၉၈၅ ခုနှစ်၊ တရားစီရင်ရေးလွတ်လပ်မှုဆိုင်ရာအခြေခံမှုများမှ......*